ကျွန်းတောကျေးရွာ

အင်္ဂပူမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၂၂-၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကျွန်းတောကျေးရွာ၊ဘွက်ကျေးရွာအုပ်စု၊အင်္ဂပူမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	၁
	ကျွန်းတောကျေးရွာ အရင်းအမြစ်ပြမြေပုံ	၃
	ကျွန်းတောကျေးရွာ ရာသီခွင်ပြမြေပုံ	၃
အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်		
(၁)	နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု	၄
	(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်	
	(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု	
(၂)	ကျေးရွာ၏ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ	၆
	(က) တည်နေရာ၊ပထဝီအနေအထား	
	(ခ) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	
(၃)	ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ	၆
	(က) လူဦးရေဆိုင်ရာ အချက်အလက်များ	
	(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု	
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	
	(ဃ) ပညာရေးနှင့်ကျွမ်းကျင်မှုများ	
	(င) ကျန်းမာရေးနှင့် အာဟာရ	
	(စ) ကျား-မ ဆိုင်ရာဆက်နွယ်မှု	
(၄)	ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ	၉
	(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်	
	(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ	
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ	
	(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု	
	(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
	(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	
	(ဆ) လူငယ်နှင့် ယဉ်ကျေးမှု	
	(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး	
	(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး	
(၅)	ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ	၁၂
	(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ	

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၁၃
(က) ဖွံ့ဖြိုးရေးပန်းတိုင်
(ခ) အကောင်အထည်ဖော်ရေးနည်းဗျူဟာ
(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်အဆင့်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ ၁၄
(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စစ်ဆေးခြင်း
(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး
(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများဖန်းတီပေးခြင်း
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ ၁၅
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၀
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၁
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန် အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၃
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ(၁)

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ကျေးရွာတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ
(ခ) အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ(ခ)

(၁) လူမှုစီးပွားရေးအခြေအနေ

ဇယား ၁ လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္ထုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ကျေးရွာ၏ဝမ်းစာဖူလုံမှုအခြေအနေ

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

ဇယား ၁၁ ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ရေရင်းမြစ်နှင့်ရေသွင်းဇရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီပွားရေးလုပ်ငန်းများအတွက်အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့်ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂လအတွင်း ကာကွယ်ဆေး ထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစား)
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှုအထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ(၃)ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

ကိုးကားစာရင်း

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၂/၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅/၂၀၂၆ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွေးထားသော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ် များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး တို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။အကောင်အထည်ဖော်မည့် ဗျူဟာ၊ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။


ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကျွန်းတောကျေးရွာ
အင်္ဂပူမြို့နယ်

ရက်စွဲ၊၂၀၂၃ ခုနှစ် လ ရက်

ကျွန်းတောကျေးရွာ အရင်းအမြစ်ပြမြေပုံ



ကျွန်းတောကျေးရွာ ရာသီခွင်ပြမြေပုံ



အပိုင်း(က)

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည်အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က လူထုဗဟိုပြုစီမံကိန်းနှင့်ပတ်သက်၍ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံ တစ်ကြိမ်ရှိခဲ့သော်လည်း ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိ လာကြပါသည်။ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း ၊သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသော ပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ပြည်နယ်နှင့် တိုင်းအဆင့်၊ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့်သဘာဝသယံဇာတ အရင်းမြစ်များ

(က) တည်နေရာနှင့်ပထဝီ အနေအထား

ကျွန်းတောကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ဘွက်ကျေးရွာအုပ်စု၊ ကျွန်းတော ကျေးရွာဖြစ်ပါသည်။အင်္ဂပူမြို့နယ်၏ အရှေ့တောင်ဘက်တွင် တည်ရှိပါသည်။ ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ လယ်ယာမြေများသည် စပါးနှင့်ပဲစိုက်ပျိုးရန်အတွက် အဓိကအားထားရာ ဖြစ်ပါသည်။

(ခ) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကျေးရွာသည် နှစ်စဉ်မိုးရေချိန်လက်မ(၆၀)ခန့်ရရှိပြီး၊သဘာဝပေါက်ပင်များမှာ ကုက္ကို ၊ ဝါး၊သရက်စသည့် သဘာဝပေါက်ပင်များ အလေ့ကျပေါက်ရောက်ရာ ဒေသလည်းဖြစ်ပါသည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်(၉၅)ဧကရှိပြီး၊၎င်းလယ်မြေများပေါ်တွင် မတ်ပဲ၊ သီးထပ်စိုက်ပျိုးသည့် ဧကမှာ(၆၀)ဧကရှိပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေးဆိုင်ရာအချက်အလက်များ

စန္ဒာကွင်း ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၁၂)စုနှင့် ကျား(၂၂၉)၊ မ(၂၆၆)ဦး ဖြင့် လူဦးရေ စုစုပေါင်း(၄၉၅)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်လျှင် ပျမ်းမျှနှုန်း(၅)ဦးနှုန်းထက် လျော့နည်းသည်။ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီးအလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေ အားလုံး၏(၅၄.၅၅%) ခန့်ရှိပြီး အမျိုးသမီးများမှာ အမျိုးသားအရေအတွက်ထက်(၁.၂၃%) ပိုများသဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါ ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များ ဖန်တီးပေးနိုင်ပါက လူစွမ်းအားအရင်းအမြစ်ကိုထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူ ပြုစေနိုင်ပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

အဓိက ဝင်ငွေရလုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေ အနေအထားမှာ ယေဘုယျအားဖြင့် နိမ့်ကျပါသည်။ဆင်းရဲချမ်းသာ အဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏(၁၆.၇၂)%ခန့်သာ ဥစ္စာဓန ပြည့်စုံပြီး(၃၃.၇%)ခန့်မှာ အသင့်အတင့် ချောင်လည်ကာ(၄၂.၈၆%)ခန့်မှာ ဆင်းရဲကြပြီး အိမ်ထောင်စု(၆.၇၂%)ခန့်မှာ အလွန်ဆင်းရဲ ကြပါသည်။ကျေးရွာတွင် ကိုယ်ပိုင်စိုက်ပျိုးရေးနှင့်အရောင်းအဝယ်လုပ်ကိုင်သည့် အိမ်ထောင် စု(၃၈)စု၊ကိုယ်ပိုင်စိုက်ပျိုးရေး အနည်းငယ်လုပ်ကိုင်သည့် မပြေလည်သော အိမ်ထောင်စု (၃၅)စုရှိပြီး ကျေးရွာရှိ အိမ်ထောင်စု၏(၁၉)စုသည် မြေယာမဲ့များဖြစ်ပြီး အလွန်ဆင်းရဲသော အဆင့်များတွင် ရှိနေပြီး လူအများစုလည်း ဖြစ်ပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေမဲ့ယာမဲ့အိမ်ထောင်စုအရေအတွက်မှာ လေးပုံတစ်ပုံခန့်ရှိ သော်လည်း ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိက ဝင်ရောက်လုပ်ကိုင်ကြပြီး ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီစျေးရောင်း၊ ခေါင်းရွက်ဖြတ်ထိုးလုပ်ငန်း စသည်တို့တွင် လည်း လုပ်ကိုင်ကြသည်။ကျေးရွာမှဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏(၆.၅)%မှာ (၃)လမှ(၆)လကြား ဝမ်းစာဖူလုံပြီးချေးငွေရယူကာ(၆.၅%)ခန့်မှာ သူတစ်ပါးထံမှ မချေးငှားပဲ (၆)လမှ(၁၂)လအထိ နပ်မှန်အောင်စားသုံးနိုင်ကြောင်း တွေ့ရှိရပါသည်။ကျန်အိမ်ထောင်စု များမှာ ချေးငွေချေးယူခြင်း၊လုပ်အားခ ကြိုတင်ငွေယူခြင်းများရှိပြီး အများစုမှာ စီးပွားရေး ကြပ်တည်းကြောင်း တွေ့ရှိရပါသည်။အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စု အားလုံးသည် အကြွေးငွေ(၁၀၀၀၀၀၀/-)မှ(၅၀၀၀၀၀၀/-)ထိ တင်ရှိနေကြသည်။ချေးငွေ အများစုကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူရရှိကြ သည်။

ချေးငွေများကို အသုံးပြုပုံမှာ စားသုံးရန်၊ရင်းနှီးမြှုပ်နှံရန်နှင့် ကျန်းမာရေးကိစ္စရပ် များအတွက် အဓိကသုံးစွဲကြပြီး ဝင်ငွေရအလုပ်အကိုင်များ၊ ပညာရေးတို့အတွက် ဒုတိယ အနေအထားတွင် သုံးစွဲကြသည်။ ကျေးရွာတွင် ထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မိသားစု စောင့်ရှောက်မှုနည်းသူ၊သက်ကြီးရွယ်အိုများ မရှိကြောင်း တွေ့ရှိရပါသည်။ ထိခိုက် သက်ရောက်မှု အမျိုးအစားတွင် သစ်တောပြုန်းတီးမှု အသင့်အတင့်တွေ့ရှိရပြီး ကျန်အမျိုး အစားများကို နိမ့်သည့် အနေအထားတွင် တွေ့ရှိရပါသည်။ထိခိုက်သက်ရောက်မှုခံရနိုင်သည့် သူများအတွက် အုပ်စုလိုက်ခွဲခြားသတ်မှတ်ရာတွင်လည်း ထိခိုက်သက်ရောက်မှုမြင့်မား ကြောင်း တွေ့ရသည်။

(ဃ) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာအုပ်စုတွင် မူလွန်ကျောင်း(၆၀'X၃၀')အုတ်တိုက် ကျောင်းဆောင်(၁) ဆောင်၊(၄၀'X ၃၀') ကျောင်းဆောင်(၁)ဆောင်တို့ရှိပြီး အမိုး၊နံရံ၊အခင်း အရည်အသွေးများ အသင့်အတင့်ကောင်းမွန်လျက်ရှိပါသည်။ ကျောင်းဆရာ/မဦးရေ(၅)ဦးရှိပါသည်။ ကျေးရွာ

အသက်မွေးဝမ်းကျောင်းပညာ သင်ယူနိုင်ခွင့် နည်းပါးခြင်းကြောင့် ကျွမ်းကျင်လုပ်သား နည်းပါး၍ အခြားနေရာများသို့ ဝင်ငွေနိမ့်အလုပ်နည်းများကိုသာ သွားရောက် လုပ်ကိုင်ရပါသည်။ရပ်ရွာရှိ မိရိုးဖလာ လယ်ယာလုပ်ငန်းခွင်ရှိသော်လည်း ရာသီအချိန်ကာလ ကန့်သန့် ဖြင့်သာ ဝင်ငွေနိမ့်ပါးစွာ လုပ်ကိုင်ရ၍ အလုပ်စဉ်ဆက်မပြတ်ရေးအတွက် စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းခွင်တွက်ကျွမ်းကျင်သောအလုပ်သမားများဖြစ်စေရန် အသက်မွေးဝမ်း ကျောင်းပညာ သင်တန်းများ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ပါကများစွာ အဆင်ပြေနိုင် ပါသည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာသည် ကွင်းကောက်တိုက်နယ် ဆေးရုံနှင့်(၃)မိုင်ခန့် ကွာဝေးပါသည်။ အုပ်စုကျေးလက်ကြီးကြပ်(၂) (၁)ဦးရှိနှင့် သားဖွားဆရာမ(၁)ဦးရှိပြီး ကျန်းမာရေး စောင့် ရှောက်မှုများ အားလုံးပုံမှန် ပြုလုပ်ပေးလျှက်ရှိပါသည်။

ကျေးရွာတွင် သွေးလွန်တုပ်ကွေး၊ဆီးချို၊သွေးတိုး၊အာဟာရချို့တဲ့မှု ရောဂါများ ဖြစ်ပွားမှုနည်းပါးကြောင်း တွေ့ရပါသည်။ဝမ်းလျှောဝမ်းပျက်၊ငှက်ဖျားရောဂါ၊အသက်ရှူ လမ်း ကြောင်း ကူးစက်ရောဂါ၊HIV၊တီဘီရောဂါနှင့် အသည်းရောင်(ဘီစီ)ရောဂါများ ဖြစ်ပွားမှု မရှိကြောင်း တွေ့ရပါသည်။ကျေးရွာတွင် လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု ပုံမှန်ပြုလုပ်လျှက်ရှိပါသည်။

(စ) ကျား-မဆိုင်ရာဆက်နွယ်မှု

ကျား-မဆိုင်ရာ အခွင့်အရေးဖြင့် ကျေးရွာတွင် တန်းတူရရှိပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် တက်ညီလက်ညီ လုပ်ဆောင်ကြပါသည်။ကျေးရွာရှိ တန်ဆောင်တိုင် မီးထွန်းပွဲ၊သီတင်းကျွတ်မီးထွန်းပွဲ၊သင်္ကြန်ပွဲတော်စသည့် ပွဲတော်များ ကျင်းပခြင်း၊ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း ဆရာတော်၏ ဦးဆောင်မှုနှင့် ဂေါပကအဖွဲ့များ ပေါင်းစပ်၍ တရားစခန်းပွဲများ ကျင်းပကြပါသည်။ ဒေသအတွင်း အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲမှုကိစ္စရပ်များ တွင် အမျိုးသမီးများ အခန်းကဏ္ဍတွင် တက်ကြွစွာပါဝင်မှုရှိပါသည်။မူလတန်းကျောင်း ပညာရေးမှု တက္ကသိုလ်ပညာရေးအထိ ကျား၊မတန်းတူအခွင့်အရေးရှိပါသည်။

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းအများစုနှင့်ဆိုင်သော သာရေး၊နာရေးကိစ္စများ တွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ဘုန်းတော်ကြီးကျောင်း ဂေါပကအဖွဲ့ရှိပါသည်။

ကျေးရွာတွင် သာရေး၊နာရေး၊လူမှုရေးကိစ္စကြီးငယ်ရှိလျင် ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းရှိပါသည်။ကျွန်းတော ကျေးရွာအား ခြုံငုံသုံးသပ်ရလျင် လူမှုရေး ကိစ္စ ကြီးငယ် ဆောင်ရွက်လျင် အားကောင်းကြပြီး ဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက် နိုင်မည့် အဖွဲ့အစည်းစနစ်မရှိသေးပါ။

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျွန်းတောကျေးရွာတွင် မိုးစပါးနှင့်ပဲအမျိုးမျိုးတို့ကို အဓိက စိုက်ပျိုးကြသည်။စိုက်ကေအဖြစ် ၎က(၉၅)ကေရှိပြီး၊တစ်၎ကလျင် မိုးစပါးပျှမ်းမျှ(၆၀)တင်းခန့်၊ လယ်မြေပေါ် တွင် သီးထပ်သီးနှံ မတ်ပဲစိုက်က(၅၀)ကေရှိ၍ တစ်၎ကလျင်ပျှမ်းမျှ မတ်ပဲ(၆)တင်းခန့် ထွက်ရှိပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ အသင့်အတင့်ရရှိနိုင်ပြီး စိုက်ပျိုးရေး ပစ္စည်းကုမ္ပဏီများမှ တောင်သူများအတွက် ဝန်ဆောင်မှုများ အသင့်အတင့်ပေးပါသည်။ တောင်သူအများစုသည် လုပ်ငန်းခွင်တွင် အလုပ်သမားရှားပါးမှုနှင့် ပြည့်စုံလုံလောက်သော လုပ်အားခ မပေးနိုင်ခြင်း ပြဿနာများ၊ကုန်ကျစရိတ်မြင့်မားမှုတို့နှင့် ရင်ဆိုင်နေရပါသည်။ ရာသီပေါ်သီးနှံများဖြစ်သော မေမြို့ပန်း၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊နံနံပင်၊ ခရမ်းချဉ်သီးများကိုလည်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြပါသည်။ကျေးရွာတွင် ဒေသထွက်မျိုးရင်းဖြစ်သော ဝက်၊ ဘဲ၊ကြက်တို့ကိုသာမွေးမြူကြပါသည်။ ရာသီအလိုက်ဖြစ်တတ်သော ရောဂါများကြောင့် သေဆုံးပျက်စီးမှုများရှိပါသည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေး/ကုဋ္ဌီးစီးဌာနတို့မှ ရရှိနိုင်သော်လည်း ဝန်ထမ်းအင်အား မလုံလောက်မှုတို့ကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းထုတ်ကုန်လုပ်ငန်း မရှိပါ။အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စားအလုပ်များ၊ခေါင်းရွက်ဗျက်ထိုး၊ဈေးရောင်းခြင်းနှင့် အစိုးရဝန်ထမ်း လုပ်ငန်းများ ဖြစ်ကြပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှုနည်းပါးမှု အနေအထားတွင် ရှိသည်။လက်လုပ်လက်စား လုပ်ငန်းများမှာ စိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးပါသည်။ကျေးရွာတွင် အလုပ်လုပ်ကိုင်နေသော လူဦးရေများပြားခြင်းသည် ကျေးရွာ၏အလားအလာကောင်း တစ်ရပ်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်း သင်တန်းများအား တက်ရောက်နိုင်မှု နည်းပါးပါသည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စပါးနှင့်အခြားသီးနှံစိုက်ခင်းများတွင် ပိုးသတ်ဆေးနှင့်ဓါတုဓာတ်မြေဩဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာ အရည်အသွေးကျဆင်းနေပါသည်။တောင်သူများအနေဖြင့် ဘက်စုံစီမံခန့်ခွဲမှုတွင် ပလပ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ကော်နှင့် ဆက်စပ်သော ပစ္စည်းများအား စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးရေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ကျွန်းတောကျေးရွာသည် ကုန်းမြင့်ဒေသအပိုင်းတွင်တည်ရှိ၍ ရေကြီးမှုဒဏ် နှစ်စဉ် ခံစားရခြင်းမရှိပေ။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ

ကျေးရွာမှ တောင်သူလယ်သမားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးသောချေးငွေကို တစ်လအတိုးနှုန်း(၀.၈၀)ကျပ်တိုးနှုန်း၊၁၈ကလျင်(၁၅၀၀၀၀/-) ကျပ်နှုန်းဖြင့် အများဆုံး(၁၀)ဧကအတွက် ချေးယူနိုင်ကြပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ပညာရေးဆိုင်ရာ ကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေ လိုအပ်ကြောင်း တွေ့ရှိရပါသည်။ဆင်းရဲ၊အလွန်ဆင်းရဲသော အိမ်ထောင်စုများ၏ အကြွေး တင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးတင်ငွေပမာဏသည် (၁၀၀၀၀၀/-)မှ (၅၀၀၀၀၀/-)ထိ တွေ့ရှိရပါသည်။

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာအုပ်စုပိုင်မူလတန်းကျောင်းဆောင်(၆၀'x၃၀')(၁)ဆောင်နှင့် (၄၀'x၃၀') (၁) ဆောင် သွပ်မိုး၊ အုတ်နံရံကာ အင်္ဂတေခင်းကျောင်းများဖြင့် ပညာသင်ကြားပေးသည်။ ကျေးရွာသားအားလုံး ရေးတတ်၊ဖတ်တတ်ကြသည်။ ကျေးရွာကျောင်းတက်နှုန်းမှာ အလယ် အလတ်အဆင့်သာရှိပါသည်။ကျောင်းတွင် ဆရာ/မ စုစုပေါင်း(၅)ဦးနှင့် ကျောင်းသား/သူ စုစုပေါင်း(၁၂၁)ဦးတို့ဖြင့်ပညာသင်ကြားနေပါသည်။ဆရာ၊တပည့်အချိုး(၂၄.၂:၁)ဖြစ်ပါသည်။ ကျောင်းဖွင့်ရာသီတွင် ကျောင်းသား/သူများအတွက် ပြဋ္ဌာန်းစာအုပ်များ နှင့်လေ့ကျင့်ခန်း စာအုပ်များ အခမဲ့ပံ့ပိုးပေးပါသည်။ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိ သော်လည်း ကျေးရွာအုပ်စုတွင်တာဝန်ကျ ကြီးကြပ်(၂) ဆရာမ(၁)ဦးနှင့် သားဖွားဆရာမ (၁)ဦး ရှိပါ သည်။

သောက်သုံးရေအတွက် ရေတွင်း၊လက်နှိပ်ရေတုံကင်၊အဝီစိစက်တပ်တွင်းများ ရှိ၍ ရေရရှိပြီး လုံလောက်မှုရှိပါသည်။တစ်ရွာလုံးတွင် အိမ်သာ(၁၁၂)လုံးရှိပြီး၊ကွန်ကရစ်ခွေ၊အုတ်၊ ဝါးတိုင်ပတ်ဖြင့်လည်ကောင်းဆောက်လုပ်သုံးစွဲကြပါသည်။ကျန်းမာရေးအသိပညာဗဟုသုတ များ အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ထို့ကြောင့် ယင်းကြောင့်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှု ရံဖန်ရံခါဖြစ်ပွားပါသည်။စာသင်ကျောင်းနှင့်ဘုန်းတော်ကြီးကျောင်းများတွင် လုံလောက်သောအိမ်သာများ စနစ်တကျဆောက်လုပ်ထားကြောင်း တွေ့ရှိရပါသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်သော နေရာသီးသန့်မရှိ သော်လည်း ကျေးရွာပိုင် ခြင်းကွင်း ရှိပါသည်။လူငယ်များအနေဖြင့် ဘာသာရေးပွဲများနှင့် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။

(ဇ) အခြေခံအဆောက်အဦ-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာရှိကျေးရွာတွင်းလမ်းမှာ မြေရောကျောက်ခင်းလမ်းဖြစ်ပြီး လူထုဗဟိုပြု စီမံကိန်း(ပထမနှစ်စက်ဝန်း)စီမံကိန်းထောက်ပံ့ငွေ၊ကျေးရွာလူထုထည့်ဝင်မှု(လုပ်အား)တို့ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းနှင့် လူထုဗဟိုပြုစီမံကိန်း (တတိယနှစ်စက်ဝန်း) စီမံကိန်းထောက်ပံ့ ငွေဖြင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်း၊ (၂၀၂၂-၂၀၂၃)ခုဘဏ္ဍာရေးနှစ် VDP စီမံကိန်းထောက်ပံ့ ငွေနှင့် ကျေးရွာလူထုထည့်ဝင်မှု (လုပ်အား)တို့ဖြင့်ကွန်ကရစ်ဘောင်စီမြေရောကျောက်လမ်း ခင်းခြင်းဆောင်ရွက်ထားသော်လည်း ကျေးရွာတွင်းလမ်းအနေဖြင့် ပြီစီးအောင်ဆောင်ရွက် နိုင်ခြင်းမရှိပါ။ ထော်လာဂျီ၊ဆိုင်ကယ်၊စက်ဘီးများကို အသုံးပြုသွားလာကြပါသည်။

ကုန်းလမ်း ဆက်သွယ်ရေးအတွက် ၊ဆိုင်ကယ်(၇၀)စီး၊ စက်ဘီး(၅၀)စီး၊ လှည်း(၁၀)စီးတို့ဖြင့် အသုံးပြုလျက်ရှိပါသည်။ ကျေးရွာတွင်လျှပ်စစ်မီး မရရှိသေးပါ။ ကျေးရွာတွင်မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို စျေးကွက်နှင့်အခြား ဝန်ဆောင်မှုများအတွက် လက်လှမ်းမီအသုံးပြု နိုင်သည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှု အသင့်အတင့်ကောင်းမွန်ပြီး သတင်းအချက် အလက် ချိတ်ဆက်မှု များအတွက် များစွာအသုံးဝင်ပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးမှုကြောင့်တည်ငြိမ်အေးချမ်းမှု ကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ကျေးရွာသူ/သားများသည် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များ အတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိသေးပါ။ ကျေးရွာသူ/သားများသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်မှုများ ပြုလုပ်နိုင်သောကြောင့် ကျေးရွာအတွင်း ရာဇဝတ်မှုများ နည်းပါးပါသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊အဟန့်အတားများ နှင့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် လူဦးရေအားလုံး၏ (၅၄.၅၅%)မှ အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ကြသည်။ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှု အသက်မွေးဝမ်းကျောင်း သင်တန်းများကို လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်ကို တိုးတက်ကောင်းမွန်စေပါသည်။ကျေးရွာလူထု၏ ကျန်းမားရေးအခြေအနေမှာ ယေဘုယျ အားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့်ဝန်ဆောင်မှုတို့လည်း အလွယ်တကူ လက်လှမ်းမီနိုင်ကြသည်။ကျေးရွာသူ/သားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှု အတွက်လည်း ကွင်းကောက်တိုက်နယ် ဆေးရုံသို့ သွားရောက်ဆေးကုသမှုခံယူနိုင်သည်။

သဘာဝအရင်းအမြစ်အနေဖြင့် လယ်ယာမြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာ အသင့်အတင့်ကောင်းမွန်သည်။တောင်သူများသည် လယ်ယာထွက်ကုန်များကို အလွယ် တကူသယ်ယူပို့ဆောင်နိုင်သည်။မိုးရွာသွန်းမှုမှာ စပါးစိုက်ပျိုးထုတ်လုပ်မှုအတွက် အထောက် အကူဖြစ်ပါသည်။ကျေးရွာသည် ပုသိမ်-မုံရွာ လမ်းမကြီးနှင့် အလှမ်းအလွန်မဝေးကွာသော နေရာတွင် တည်ရှိပါသည်။ ဟင်္သာတ၊အင်္ဂပူ၊ပုသိမ်နှင့်ရန်ကုန်မြို့၊လေးမျက်နှာမြို့များသို့ ကားလမ်းဖြင့်ကူးသန်းသွားလာနိုင်သည်။လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာ ထွက်ကုန်များကို တင်ပို့ရောင်းချနိုင်ပါသည်။ မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်ရောင်းချ ရန်အတွက် နည်းပညာဆိုင်ရာပံ့ပိုးမှုများ နှင့် ဈေးကွက်ဖန်တီးမှုများကို ပြုလုပ်ပါက အထူး တိုးတက်လာနိုင်ပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုနည်းသဖြင့် တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်ခြင်းကို ချောမွေ့စေသည်။ကျေးရွာသူ/သားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေး ကိုအသုံးပြုနိုင်ကြသဖြင့် လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ် သိရှိနိုင်ပါသည်။မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်ဝန်ဆောင်မှု လုပ်ငန်း များအတွက် လက်လှမ်းမီ အသုံးပြုနိုင်သည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာတွင် မြေဆီဩဇာအသင့်အတင့် ကောင်းမွန်သည်မှအပ အခြားသယံဇာတ အရင်းအမြစ်များ ထွက်ရှိခြင်းမရှိပေ။ စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့်ပတ်သက်ပြီး မြေလွတ် မြေရိုင်းများ ထပ်မံမတိုးချဲ့နိုင်သော်လည်း လက်ရှိမြေပေါ်တွင် ထုတ်လုပ်တိုးမြှင့်ရန် ဆောင်ရွက်ကြပါသည်။သီးနှံများမှာ ရာသီဥတုဖောက်ပြန်ပါက ပိုးမွှားများ ကျရောက်သည့် အန္တရာယ်ကို ကြုံတွေ့ရပါသည်။

ကျေးရွာ အနေဖြင့် ကွင်းကောက်တိုက်နယ် ဆေးရုံနှင့်လည်း နီးသောကြောင့် ကျန်းမာရေးပတ်သက်၍ လက်လှမ်းမီမှုရှိပါသည်။

၆။ ပန်းတိုင်နှင့်မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထား ပါသည်။

(က.၁)ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးခြင်း၊သက်မွေးပညာသင်တန်းများရရှိခြင်းမှ ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထား တိုးတက်ရရှိလာစေရမည်။

(က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည် နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က.၃)ကျွန်ုတို့ကျေးရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများဖွဲ့စည်းပြီးကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှာတဆင့် ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

(က.၄)ကျွန်ုပ်တို့ ကျေးရွာရှိ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အဦများဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီးကောင်းမွန်သော ဈေးကွက်ကြီးကို ဖန်တီးတည်ဆောက်မည်။

(က.၅)ကျွန်ုပ်တို့သည် ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးများကို ချမှတ်ပြီး ကျေးရွာပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်မည်။

(က.၆)ကျွန်ုပ်တို့သည် ခေတ်မီလယ်ယာများ ဖော်ထုတ်ပြီး အရည်အသွေးမြင့် စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်မည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ.၁)ကျေးရွာတွင် အရင်းအနှီးချေးငွေ၊လယ်ယာသုံးစက်ကိရိယာများ ကျယ်ပြန့်စွာအသုံးပြုနိုင်ရေးနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်း သက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိဘဏ်များ၊ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့်ချိတ်ဆက်ပေးမည်။အရင်းအနှီးငွေများ ရရှိပါက စိုက်ပျိုးရေး၊မွေးမြူရေး လုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။

(ခ.၂)ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို ရွေးချယ်စီစဉ်ပေးရမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန် အထောက်အကူပြုပေမည်။

(ခ.၃)ကျေးရွာတွင်ရွာတွင်းလမ်း၊ချဉ်းကပ်လမ်းတို့ကိုကောင်းမွန်အောင် ဆောင်ရွက်သွားမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်းကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်း များကို ရှာဖွေ ဖော်ထုတ်ပေးနိုင်ပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံး အတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏာပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန် ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် စပါး၊မတ်ပဲ၊ရာသီပေါ်သီးနှံများအဖြစ် စိုက်ပျိုးကြသည်။သို့သော် ယာလုပ်သားရှားပါးလာမှုနှင့်အတူ ရာသီဥတု ဖောက်ပြန်လာမှုတို့ကြောင့် ယာလုပ်ငန်းခွင် အချိန်မီပြီးစီးရန် အနည်းငယ်အခက်အခဲ တွေ့ကြုံရတတ်ပေသည်။စိုက်ပျိုးနိုင်သော မြေနေရာများရှိပြီး ဝင်ငွေကောင်းမွန်သော စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် နည်းပညာနှင့် စျေးကွက်ဖော်ဆောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ အစိုးရဌာနများနှင့်ပြည်သူလူထုပူးပေါင်းဆောင်ရွက်သင့်ပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများဖန်တီးပေးခြင်း

ကျွန်းတောကျေးရွာတွင် လူငယ်အချို့အား ၎င်းတို့ဘဝတိုးတက်ရာ အာမခံချက်ပေးနိုင်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများ ရရှိအောင် ချိတ်ဆက်ကူညီဆောင်ရွက်မှုများ ပြုလုပ်သင့်သည်။

၈။ စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည်အကောင်အထည်ဖော်မည့် ဗျူဟာများကိုလုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက် များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်းငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြုပ်နှံမှုကို အခြေခံပြီးအုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ ၊ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ရင်းနှီးမြုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း(Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ်၊စွမ်းဆောင်ရည် မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification) ဝန်ကြီးဌာနများ၊ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic classification)တွင်

သာမန်အသုံးစရိတ်

- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ရမှတ်	ဦးစားပေးအဆင့်
၁	အဆောက်အဦ	ကျေးရွာတွင်းလမ်းပြုပြင်ခြင်း	၁၀၀	၁
၂	အဆောက်အဦ	ကျေးလက်လျှပ်စစ်မီးရရှိရေး(၄၀၀ဗို့အားလိုင်း)မီးကြိုးသွယ်တန်းခြင်း		၂
၃	အဆောက်အဦ	စက်ရေတွင်း၊ရေပိုက်လိုင်းသွယ်တန်းခြင်း		၃
၄	အဆောက်အဦ	"ကျွန်းတောကျေးလက်ကျန်းမာရေးဌာနခွဲ"အသစ် လျာထား တည်ဆောက်ခြင်းနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း		၄
၅	စိုက်ပျိုးရေး	လယ်ယာစိုက်ပျိုးရေးအတွက်မျိုးကောင်း မျိုးသန့်၊သွင်းအားစုနှင့်နည်းပညာများ လိုအပ်ခြင်း		၅
၆	သက်မွေး	အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများလိုအပ်ခြင်း		၆
၇	လူမှုရေး	ပရဟိတ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း		၇
၈	လူမှုရေး	ကျန်းမာရေး၊ယာဉ်စည်းကမ်းအသိပညာပေးသင်တန်းများလိုအပ်ခြင်း		၈
၉	ကျန်းမာသန့်ရှင်းရေး	ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ဆောင်ရွက်ခြင်း		၉
၁၀	သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	သဘာဝပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းများလိုအပ်ခြင်း		၁၀

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏အချိန်ဇယားကို ဖော်ပြထားသည်။ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရာတွင် ထည့်သွင်းပေးမည်။

စီမံချက်		အဆင့်	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆
၁	ကျေးရွာတွင်းလမ်းပြုပြင်ခြင်း	၁	✓				
၂	ကျေးလက်လျှပ်စစ်မီးရရှိရေး(၄၀၀ဗို့အားလိုင်း) မီးကြိုးသွယ်တန်းခြင်း	၂	✓				
၃	စက်ရေတွင်း၊ရေပိုက်လိုင်းသွယ်တန်းခြင်း	၃	✓				
၄	“ကျွန်းတောကျေးလက်ကျန်းမာရေးဌာနခွဲ”အသစ် လျာထား တည်ဆောက်ခြင်းနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း	၄	✓	✓			
၅	လယ်ယာစိုက်ပျိုးရေးအတွက်မျိုးကောင်း မျိုးသန့်၊သွင်းအားစုနှင့်နည်းပညာများ လိုအပ်ခြင်း	၅	✓	✓			
၆	အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများလိုအပ်ခြင်း	၆	✓				
၇	ပရဟိတ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း	၇	✓				
၈	ကျန်းမာရေး၊ယာဉ်စည်းကမ်းအသိပညာပေးသင်တန်းများလိုအပ်ခြင်း	၇	✓				
၁၀	ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ဆောင်ရွက်ခြင်း	၇	✓				
၁၁	သဘာဝပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းများလိုအပ်ခြင်း	၇	✓				

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာအဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တစ်ချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။(ငွေသားမဟုတ်သော ထည့်ဝင်မှု၊ဥပမာ-လုပ်အား၊သဲ၊ကျောက်၊ပစ္စည်းကိရိယာ၊အချိန် စသည်)

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုအထောက်အပံ့
၁	ကျေးရွာတွင်းလမ်းအမှတ်စဉ်(၂)အားကွန်ကရစ်ဘီးလမ်းခင်းခြင်း	၁၃၀				
၂	ကျေးလက်လျှပ်စစ်မီးရရှိရေး(၄၀၀ဗို့အားလိုင်း)မီးကြိုးသွယ်တန်းခြင်း	၂၀၀.၆၅၅၇၆				
၃	စက်ရေတွင်းရေပိုက်လိုင်းသွယ်တန်းခြင်း	၃၈၀				
၄	ကျေးရွာဆိုင်းဘုတ်ပြုလုပ်ခြင်း	၁၀				
၅	လယ်ယာစိုက်ပျိုးရေးအတွက်မျိုးကောင်းမျိုးသန့်၊သွင်းအားစုနှင့်နည်းပညာများလိုအပ်ခြင်း	၂၅၂.၅				
၆	မွေးမြူရေးအတွက် မျိုးကောင်း၊မျိုးသန့်၊ နည်းပညာများလိုအပ်ခြင်း					
၇	စိုက်ပျိုးရေးမွေးမြူရေးနှင့်ငါးသယံဇာတထိန်းသိမ်းနည်းသင်တန်း	၁၅.၇၅				
၈	ရာသီပေါ်သီးနှံများစနစ်တကျစိုက်ပျိုးနည်း(GAP)စနစ်သင်တန်း					
၉	အိမ်တွင်းလျှပ်စစ်သွယ်တန်းမှုနည်းပညာသင်တန်း	၂၀.၀၀				
၁၀	သီးနှံအခြေခံယို၊ဖျော်ရည်အမျိုးမျိုးနှင့် သီးနှံခြောက်တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း	၇.၈				
၁၁	လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း	၁၅.၀၀				
၁၂	ဆိုင်ကယ်ပြင်သင်တန်း	၂၇.၀၀				
၁၃	ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း(RBF)	၃၀၀				
၁၄	တစ်လုံးထိုးဒီဇယ်အင်ဂျင်ပြုပြင်နည်းသင်တန်း	၂၀.၀၀				
၁၅	ပရဟိတ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း					
၁၆	ကျန်းမာရေး၊ယာဉ်စည်းကမ်းအသိပညာပေးသင်တန်းများလိုအပ်ခြင်း					
၁၇	ကျေးရွာတွင်းလမ်းအမှတ်စဉ်(၄)အားကွန်ကရစ်ဘီးလမ်းခင်းခြင်း	၁၀၀				
၁၈	ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ဆောင်ရွက်ခြင်း					

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရေအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုအထောက်အပံ့
၁၉	သဘာဝပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းများလိုအပ်ခြင်း					
၂၀	ကျေးရွာချင်းဆက်လမ်းမြေရောကျောက်ခင်းခြင်းလုပ်ငန်း	၅၈၈				
၂၁	ကျေးရွာတွင်းလမ်းအမှတ်စဉ်(၁)ကွန်ကရစ်ဘီးလမ်းခင်းခြင်း	၄၈				
၂၂	ကျေးရွာတွင်းလမ်းအမှတ်စဉ်(၃)ကွန်ကရစ်လမ်းခင်းခြင်း	၂၂၀				
၂၃	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	၂၇၆.၅				
၂၄	“မကျီးကုန်းကျေးလက်ကျန်းမာရေးဌာနခွဲ (ရွှေတောင်စု)”အသစ် တည်ဆောက်ခြင်းနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း	၈၅၀				

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ- မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏အသေးစိတ်လုပ်ငန်း အမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသော အဖွဲ့ခွဲ၏ တာဝန် သာဖြစ်ပါသည်။အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ဥပမာအားဖြင့် လမ်းခင်းခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေ ကောက်ခံခြင်းနှင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းမှ လည်ပတ်ပြုပြင်ထိန်းသိမ်းရေးရန်ပုံငွေ များကောက်ခံ၍ ဆောင်ရွက်မည်။ထို့အပြင် လမ်းပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများ စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ဤသို့ ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည့် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ဤစစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များရရှိအောင် ဆောင်ရွက်ကြပါမည်။ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများ ဖြစ်ပါမည်။(၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲ အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။(၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁)လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(၂)ငွေကြေးဆိုင်ရာ တိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့်အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။အစီရင်ခံစာသည် စာမျက်နှာ ၂မျက်နှာ၊၃မျက်နှာခန့် ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေး တင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ(ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

နောက်ဆက်တွဲ(၁)

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ

အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်
သဘာဝအရင်းအမြစ်များ	သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာအတော်အသင့် ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်ပြီး ရောင်းချနိုင်သည်။စပါးနှင့်ပဲမျိုးစုံတို့ကို အဓိကစိုက်ပျိုးကြသည့်အတွက် မိသားစုဝင်ငွေ တိုးပွားစေပါသည်။
နေရာတည်ရှိမှုနှင့်ပထဝီဆိုင်ရာအားသာချက်	ကျွန်းတောကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသတွင် တည်ရှိပြီး၊အင်္ဂပူမြို့နယ်၊ ဘွက်အုပ်စု၊ပုသိမ်-မုံရွာကားလမ်းမကြီးဘေးတွင်တည်ရှိပါသည်။
ရပ်ရွာတည်ငြိမ်အေးချမ်းမှု	ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။
ပြင်ပအဖွဲ့အစည်းများ	ကျေးရွာအတွင်း ဖွဲ့စည်းထားသော လူထုအခြေပြု အဖွဲ့အစည်းများ အတော်အသင့်ရှိပြီး၊အဖွဲ့များ၏ လည်ငန်းလည်ပတ်မှုမှာ ကောင်းမွန်ကြပေသည်။အစိုးရဌာနများနှင့် အချိတ်အဆက် အားကောင်းမှုရှိပြီး ထိုအထောက်အပံ့များသည် ကျေးရွာအတွက် လယ်ယာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုနှင့် အခြား အသေးစားလုပ်ငန်းများ လုပ်ကိုင်ရန် လွန်စွာအထောက်အပံ့ ကောင်းများဖြစ်စေပါသည်။
ဆက်သွယ်ရေး	ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့်အခြား လူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ကျေးရွာတွင်အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်
ကျန်းမာရေးအဆောက်အအုံနှင့် ဝန်ဆောင်မှုများ	ကျန်းမာရေးအခြေအနေမှာယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေး ပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူလက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှု အတွက်လည်း ကွင်းကောက်တိုက်နယ် ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။
ကျေးရွာလျှပ်စစ်မီး	ကျေးရွာတွင် လျှပ်စစ်မီး ကောင်းစွာ အသုံးပြုနိုင်ကြပါသည်။

(ခ) အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

အဟန့်အတားများ၊စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု	ကျေးရွာအနေအထားအရ၊ယေဘုယျအားဖြင့် အဟန့်အတားစိန်ခေါ်မှု အများအပြားမတွေ့ရှိရပေ။သို့သော် ကျေးရွာတွင် ကျေးရွာအခြေပြု အဖွဲ့အစည်းများရှိပြီး၊အဖွဲ့များကြားတွင် အားပြိုင်မှု အချို့ရှိနေကြောင်း တွေ့ရှိရသည်။ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်းဆောင်ရွက်မှုအပိုင်းတွင် စနစ်ကျမှု အနည်းငယ်အားနည်းကြောင်း တွေ့ရှိရသည်။
သဘာဝအရင်းအမြစ်ထုတ်ယူသုံးစွဲမှု ကန့်သတ်ချက်များ	စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့် ပတ်သက်ပြီး မြေလွတ်မြေရိုင်းများ ထပ်မံမတိုးချဲ့နိုင်တော့ပဲ လက်ရှိမြေပေါ်တွင် ထုတ်လုပ်မှုတိုးမြှင့်ရန် ဆောင်ရွက်ကြသည်။
ကျန်းမာရေးဝန်ဆောင်မှု	ကျေးရွာအုပ်စုတွင် ကျေးလက်ဆေးပေးခန်းရှိပါသည်။ အရေးပေါ် ကိစ္စရပ်များတွင် (ကွင်းကောက်တိုက်နယ် ဆေးရုံသို့) သွားရောက်ကုသနိုင်ပါသည်။

နောက်ဆက်တွဲ(ခ)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ်အောက်	နို့စို့အရွယ်	၂	၃	၅
၁ နှစ်မှ ၄နှစ်အထိ	၅ နှစ်အောက်ကလေးငယ်	၁၅	၁၄	၂၉
၅ နှစ်မှ ၉ နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၆၁	၅၅	၁၁၆
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၀	၁၅	၂၅
၁၅ နှစ်အထက်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၂၁	၁၄၉	၂၇၀
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၂၀	၃၀	၅၀
စုစုပေါင်း လူဦးရေ		**၂၂၉**	**၂၆၆**	**၄၉၅**
စုစုပေါင်း အိမ်ထောင်စု – ၁၂၆				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နို့စို့အရွယ် ကျား(၂)၊မ(၃)ဦး၊(၅)နှစ်အောက် ကလေးငယ် ကျား(၁၅)၊မ(၁၄)ဦး၊မူလတန်းကျောင်းသားအရွယ် ကျား(၆၁)ဦးမ(၅၅)ဦး၊ အလယ်တန်း ကျောင်းသား အရွယ် ကျား(၁၀)ဦးမ(၁၅)ဦး၊အလုပ်လုပ်နိုင်သောအရွယ် ကျား(၁၂၁)ဦးမ(၁၄၉)ဦး၊ သက်ကြီးရွယ်အို ကျား(၂၀)ဦး၊ မ(၃၀)ဦး ရှိပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေအားလုံး၏ (၅၄.၅၅%)ရှိပြီး အမျိုးသမီးများမှာ အမျိုးသားများထက် (၁.၂၃%)ပိုများနေသည်ကို တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်)
		အိမ်ထောင်စု	မိသားစုဝင် လုပ်သား		
စိုက်ပျိုးစီးပွားလုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၂၀	၁၁၇		မြင့်☑ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☑

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု(မှတ်ချက် ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်)
		အိမ်ထောင်စု	မိသားစုဝင် လုပ်သား		
၂	**တိရစ္ဆာန်မွေးမြူရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၃၈			မြင့်☐ လတ်☑ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☐
၃	**ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုဇွန်စသောရေသတ္တဝါများဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင်လုပ်ငန်း	၂၀			မြင့်☐ လတ်☑ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☐
၅	**စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ**				
	သတ္ထုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☐
၇	**လျှပ်စစ်၊ဓါတ်ငွေ့နှင့်ရေပေးဝေရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☐
၈	**ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	၅			မြင့်☐ လတ်☐ နိမ့်☑
၉	**ယာဉ်၊စက်ကိရိယာနှင့်တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☐
၁၀	**ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်)
		အိမ်ထောင်စု	မိသားစုဝင် လုပ်သား		
၁၁	**လက်လီ–လက်ကားရောင်းဝယ်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၂			မြင့်☐ လတ်☑ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☐
၁၂	**ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☐
၁၃	**ပို့ဆောင်ရေး၊သိုလှောင်ရေးနှင့်ဆက်သွယ်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☐
၁၄	**ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်နှင့်ငွေချေးခြင်းအပါအဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☐
၁၅	**အိမ်ခြံမြေ၊ယာဉ်၊စက်ကိရိယာ၊ရောင်းဝယ်ငှားရမ်းခြင်းနှင့်ဆက်စပ်သော လုပ်ငန်းများ)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	၈			မြင့်☐ လတ်☑ နိမ့်☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☐
၁၉	**လူမှုရေးလုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ)	အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်)
		အိမ်ထောင်စု	မိသားစုဝင် လုပ်သား		
၂၀	**အိမ်များတွင်အငှားလိုက်လုပ်သူများနှင့်အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း				မြင့်☐ လတ်☐ နိမ့်☐
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐ လတ်☐ နိမ့်☐
	အလုပ်သမား/ဝန်ထမ်း	၄			မြင့်☐ လတ်☐ နိမ့်☑

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ အရေအတွက်တွင် မိသားစုဝင်ငွေလုပ်အား ထမ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ရပ်တည်နိုင်မှု(နိမ့်၊လတ်၊မြင့်)ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်)အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ် အကိုင်အခွင့်အလမ်း ရရှိနိုင်မှုဝင်ငွေစသည့် အခြေအနေကို ဆိုလိုပါသည်။ဥပမာ-စိုက်ပျိုးရေး ကဏ္ဍ၏ ကိုယ်ပိုင်လုပ်ငန်းတွင် ရပ်တည်နိုင်မှု "မြင့်"ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည် ဝင်ငွေကောင်းသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ်သမားကိုယ်ပိုင်(၂၀)ဦး၊လုပ်သား(၁)ဦး၊မိသားစုဝင်လုပ်အား (၁၁၇)ဦး၊တိရစ္ဆာန်မွေးမြူရေးကိုယ်ပိုင်(၃၈)ဦး၊မိသားစုဝင်လုပ်အား(၅၈)ဦး၊မွေးမြူရေး ငါးလုပ်ငန်းကိုယ်ပိုင် လုပ်ကိုင်သူ(၂၀)ဦး၊လက်သမား၊ပန်းရံလုပ်ငန်း လုပ်ကိုင်သူအလုပ်သမား(၅)ဦး၊လက်လီလက်ကားရောင်းဝယ်ရေး ကိုယ်ပိုင်(၂)ဦး၊မိသားစုဝင်လုပ်အား(၄)ဦး၊ပညာရေးတွင် ဝန်ထမ်း(၈)ဦး၊ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူဝန်ထမ်း(၄)ဦးတို့ရှိကြပြီး မိသားစုရပ်တည်မှု အခြေအနေမှာ အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။

(ခ.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း -(ရေချို ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၅၀၀၀	၇၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးအတွက် နေ့စားလုပ်အားခ အများဆုံး ကျား(၅၀၀၀)ကျပ်၊အနည်းဆုံး(၄၀၀၀)ကျပ်၊မ အများဆုံး(၄၀၀၀)ကျပ်၊အနည်းဆုံး(၃၀၀၀)ကျပ်၊ ငါးလုပ်ငန်းတွင် အများဆုံး ကျား(၅၀၀၀)ကျပ်၊အနည်းဆုံး(၄၀၀၀)ကျပ်ရ၍ မ အများဆုံး(၄၀၀၀)ကျပ်၊အနည်းဆုံး(၃၀၀၀)ကျပ်၊လက်သမား၊ပန်းရံလုပ်ငန်းတွင် အများဆုံး ကျား(၁၀၀၀၀)ကျပ်၊အနည်းဆုံး(၇၀၀၀)ကျပ်၊ မ အများဆုံး(၅၀၀၀)ကျပ်၊အနည်းဆုံး(၄၀၀၀)ကျပ် ရရှိကြောင်း တွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)
လယ်မြေ	၉၅	ကောင်း ☐ သင့် ☑ ညံ့ ☐
ယာမြေ/တောင်ယာမြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
ကိုင်း/ကျွန်းမြေ	၂၀	ကောင်း ☐ သင့် ☑ ညံ့ ☐

မြေအမျိုးအစား	ဧရိယာ	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)
ခရိတောမြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
စားကျက်မြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
မြေလွတ်၊မြေလပ်		ကောင်း ☐ သင့် ☐ ညံ့ ☐
စုစုပေါင်း	၁၁၅	

ရင်းမြစ်... (၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂) ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမားအုပ်စု၊
(၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။
မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူ လုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး(သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။
လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်လယ်မြေကေ(၉၅)ကေနှင့် ဥယျာဉ်ခြံမြေကေ(၂၀)ကေ ရှိပြီး စုစုပေါင်းကေ(၁၁၅)ကေ ရှိပါသည်။မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ရှိပါသည်။

(၈-၂) ဓါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား(၅) ဓါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)**	**အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)**	**လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ (မှန်ရာတစ်ခုကို သာ ရွေးရန်)**
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓါတ်ငွေ့၊ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ ကျောက်စရစ်စသည်များ	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ၊ ကျောက်၊ သဲ၊ ကျောက်စရစ်စသည်တို့ထွက်ရှိမှုမရှိပါ။ နွားစာများအသင့်တင့်ရှိပြီး အလွယ်တကူရရှာဖွေနိုင် ကြောင်းတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား(၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ် ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေ လည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၄ကေအထက်	၅ကေမှ ၁၂.၅ကေကြား	၅ကေမှအောက်	မြေယာမဲ့
အိမ်အခြေအနေ	တိုက်ခံအိမ်	သွပ်မိုးပျဉ်ထောင်	သွပ်မိုးဝါးထရံကာ	ဝါးအိမ်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု				
အဓိကစီးပွားရေး လုပ်ငန်း				
အိမ်ထောင်စု	၂၀	၃၈	၃၅	၁၉

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေး ပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၁၂)စုရှိ၍ ၎င်းတို့တွင် အဆင်ပြေသော အိမ်ထောင်စု(၂၀)စုတို့သည် စိုက်ပျိုးဧက (၁၄ကေအထက်) ရှိပြီး၊ တိုက်ခံအိမ်ဖြင့် နေထိုင်ကြပြီး၊ အလယ်အလတ်ရှိသော အိမ်ထောင်စု(၃၈)စု စိုက်ပျိုးဧက(၅ကေ မှ ၁၂.၅ကေ)အထိ ရှိပြီး၊ သွပ်မိုး ပျဉ်ထောင်အိမ်ဖြင့် နေထိုင်ပြီး မပြေလည်သော အိမ်ထောင်စု(၃၅) စု စိုက်ပျိုးဧက(၅ကေအောက်) အထိရှိ၍ သွပ်မိုးဝါးထရံကာဖြင့် နေထိုင်ပြီး အလွန်မပြေလည်သော အိမ်ထောင်စု (၁၉) စု ရှိပြီး အများစုမှာ ဝါးအိမ်များ ဖြင့် နေထိုင်ကြပါသည်။ ထို့ကြောင့် ကျေးရွာတွင် မပြေလည်သော အိမ်ထောင်စုနှင့်အလွန်မပြေလည်သော အိမ်ထောင်စုများစွာ တွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား(၇) ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှု အခြေအနေ (ဥစ္စာ ဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၁၂		အခြားအစားပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = ၁၀ လုပ်အားခကြိုယူ = ၂
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု	၇		အခြားအစားပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = ၇ လုပ်အားခကြိုယူ =
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု	၃၅		အခြားအစားပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = ၃၅ လုပ်အားခကြိုယူ =

ရင်းမြစ်... ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်း (၃)လအောက် ဝမ်းစာဖူလုံမှု အိမ်ထောင်စု (၁၂)စု ရှိပြီး ချေးငွေနှင့် လုပ်အားခ ကြိုယူရကြောင်း၊ အိမ်ထောင်စု (၇)စုသည် ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံ၍ ချေးငွေယူရပြီး အိမ်ထောင်စု(၃၅)စုမှာ (၆)လမှ (၁၂)လအထိ ဝမ်းစာဖူလုံ၍ အချို့မှာ ချေးငွေယူရပြီး အချို့မှာ ချေးငွေမယူရကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အများစုသော အိမ်ထောင်စုသည် ချေးယူခြင်း၊ လုပ်အားခကြိုယူခြင်းတို့ ရှိခြင်းကြောင့် အများစုမှာ စီးပွားရေးကြပ်တည်းကြောင်း တွေ့ရှိရပါသည်။

(ဇ-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား(၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၅		
ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၂		

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော (၆၄)နှစ်အထက် သက်ကြီးရွယ်အို မရှိပါ၊ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီး ဦးဆောင်အိမ်ထောင်စု(၅)စုနှင့် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသော ဆင်းရဲသည့် အိမ်ထောင်စု(၂)စု ရှိပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			
		မြင့်	လတ်	နိမ့်	မရှိ
၁	စားနပ်ရိက္ခာ မဖူလုံမှု		✓		
၂	သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေး)		✓		
၃	ရေကြီးခြင်း				✓
၄	မိုးခေါင်ခြင်း		✓		
၅	အအေးလွန်ကဲခြင်း		✓		
၆	မုန်တိုင်း				✓
၇	ငလျင်			✓	
၈	မီးဘေး			✓	
၉	ဆားငန်ရေဝင်မြေ				✓

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			
		မြင့်	လတ်	နိမ့်	မရှိ
၁၈	မြေပြိုခြင်း၊မြေဆီလွှာ ပျက်ယွင်းမှု				✓
၁၁	သစ်တောပြုန်းတီးခြင်း		✓		
၁၂	ငှက်ဖျားရောဂါ			✓	
၁၃	တီဘီရောဂါ			✓	
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ				✓
၁၅	ပြည်တွင်း ပဋိပက္ခ				✓
၁၆	တိရိစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု			✓	
၁၇	လူကုန်ကူးခြင်း				✓
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲစသည်		✓		

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း-ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ထိခိုက်သက်ရောက်လွယ်မှု အခြေအနေမှာ စားနပ်ရိက္ခာ ဖူလုံမှု၊ သဘာဝရင်းမြစ်ရှားပါးမှု၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊သစ်တော ပြုန်းတီးခြင်း၊ မုန်တိုင်း၊ ဝေးလံခေါင်သီ၊ လမ်းပန်းဆက်သွယ်ရေးတွင် ခက်ခဲရေးစသည်တို့တွင် အလယ်အလတ် အနေအထားရှိပြီး ငလျင်၊ မီးဘေး၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုတို့တွင် နိမ့်ပါးပါသည်။ ဆားငန်ရေဝင်ခြင်း၊ မြေပြိုခြင်း၊ ကိုယ်ခံအား ကျဆင်းမှုရောဂါ၊ ပြည်တွင်း ပဋိပက္ခနှင့် လူကုန်ကူးခြင်း မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			
		မြင့်	လတ်	နိမ့်	မရှိ
၁	လူငယ်			✓	
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု			✓	
၃	ဆင်းရဲသားတောင်သူ		✓		
၄	အိမ်ထောင်စု/ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ				✓

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			
၅	ပင်လယ်/မြစ်ကမ်းဘေး နေထိုင်သူများ				✓
၆	မတော်တဆမှုဖြစ်နိုင်ခြေများ သောနေရာ(Prone to accident)တွင် နေထိုင်သူများ				✓
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)				✓
၈	မြေနိမ့်ပိုင်း နေထိုင်သူများ				✓
၉	ငါးကန်ပိုင်ရှင်များ				✓
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ		✓		
၁၁	လူနည်းစုလူမျိုးများ			✓	
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ				✓
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ				✓
၁၄	ရွှေတွင်းလုပ်သားများ				✓
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ				✓
၁၆	နေရပ်ပြန် အခြေချသူများ				✓
၁၇	ရွှေ့ပြောင်းလုပ်သားများ		✓		
၁၈	ကားမောင်းပြီး အသက်မွေးသူများ				✓

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း-ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်လွယ်မှု အန္တရာယ် နိမ့်၊ လတ်၊ မြင့် သတ်မှတ်ရာတွင် ပထမဦးစွာ မိမိ ကျေးရွာတွင် ထိခိုက်ခံရနိုင်သည့်သူများ သတ်မှတ်ပါ၊ ထို့နောက် ၎င်းပုဂ္ဂိုလ်များအလိုက် ထိခိုက်နိုင်သည့် အန္တရာယ် အမျိုးအစားဖော်ပြ၍ နိမ့်၊ လတ်၊ မြင့် သတ်မှတ်ရန် ဖြစ်သည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးသဖြင့် ဆင်းရဲသားတောင်သူများနှင့်လက်လုပ်လက်စားကျပန်းများအတွက် ထိခိုက်လွယ်မှုမြင့်မားပါသည်။ လူငယ်များအတွက် အရက်သေစာသောက်စားမှုကြောင့် အလယ်အလတ်ထိခိုက်နိုင်ကာ ရွှေ့ပြောင်း လုပ်သားများအတွက် အဆင်မပြေမှုနည်းပါးသဖြင့် ထိခိုက်လွယ်မှုနိမ့်ပါးပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ) ရွေးရန်	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ယောင်း		
၁	တောင်သူလယ်သမားအဖွဲ့	၁ ☑ ၂ ☐ ၃ ☐	၁၃		၁၃	ပညာရေး ☐ ဒွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၁၀	၂	၁၂	ပညာရေး ☐ ဒွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	အရှန်မီးသတ်တပ်ဖွဲ့	၁ ☐ ၂ ☑ ၃ ☐				ပညာရေး ☐ ဒွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	လူငယ်များအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၄	၆	၁၀	ပညာရေး ☐ ဒွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ) ရွေးရန်	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ယောင်း		
၅	အမျိုးသမီးအဖွဲ့	၁ ☐ ၂ ☑ ၃ ☐		၁၁	၁၁	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၆	ပရဟိတ	၁ ☐ ၂ ☑ ၃ ☐	၅	၄	၉	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့ ၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ရပ်ရေးရွာရေးနှင့် လူမှုရေးများဆောင်ရွက်ရာတွင် အဖွဲ့အစည်းများ ဖွဲ့၍စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြပါသည်။

(က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၂	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐
၃	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐
၄	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ (၁) ဘာသာရေးနှင့် ပတ်သက်သော အဖွဲ့အစည်း(ပြည်တွင်း/ပြည်ပ) (ဥပမာ - ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သော အဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International,Save the Children,Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂ အဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ (ဥပမာ- GIZ, UKAid,USAid,စသည်)

(၆) ပရဟိတအဖွဲ့(ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိက အဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာ ထမ်းဆောင်နိုင်စေရန် အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင်စသည်)တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြည်တွင်း/ ပြည်ပ မှ အဖွဲ့အစည်းများ မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား(၁၃) **ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၉		မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂၀		ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁၅		တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၃၈		တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၂၀		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၁၁၂**		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု(၁၉)စု၊ ၂.၅ဧကအောက် အိမ်ထောင်စု (၂၀)စု၊၂.၅ဧကမှ၅ဧကကြား အိမ်ထောင်စု(၁၅)စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား အိမ်ထောင်စု(၃၈)စုနှင့် ၁၂.၅ဧကအထက် အိမ်ထောင်စု(၂၀)စုရှိပြီး မြေယာမဲ့အိမ်ထောင်စုနှင့် ဆင်းရဲသား တောင်သူ အိမ်ထောင်စု ဦးရေသည် ပိုမိုများပြားး၍ တောင်သူငယ်၊တောင်သူလတ်၊တောင်သူကြီး အိမ်ထောင်စုဦးရေသည် အသင့်အတင့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) **အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ**

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက် (မှန်ရာတစ်ခုကို သာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကို သာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ ☐ မရှိ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ ☐ မရှိ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ ☐ မရှိ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ ☐ မရှိ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
၅	အဝီစိတွင်း	၉၅	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ ☐ မရှိ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
၆	လက်ဝင်ရေတွင်း	-	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ ☐ မရှိ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ ☐ မရှိ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
၈	အင်းရေ		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ ☐ မရှိ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
၉	ချောင်းရေ	-	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ ☐ မရှိ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ်...(၁)ဦးတည်အုပ်စုဆွေးနွေးခြင်းလယ်သမားအုပ်စု၊(၂)ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ရေသောက်ကေ(၉၅)ကေရှိပြီး အဝီစိတွင်းနှင့် အင်းရေအသုံးပြု၍ တစ်နှစ်ပတ်လုံး ရေအရင်းအမြစ် လုံလောက်မှုရှိပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာ တစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	ထိခိုက် သက်ရောက်မှု (မှန်ရာတစ်ခု ကိုသာရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ	မှ	ထိ			
စပါး	၉၅	တင်း	၅၀	၆၀	၅၅	မေ	ဩဂုတ်	မြင့် ☑လတ် ☐ နိမ့် ☐	မြင့်☐လတ် ☐ နိမ့် ☑	မြင့် ☐လတ် ☑ နိမ့် ☐
မတ်ပဲ	၆၀	တင်း	၄	၆	၅	အောက် တိုဘာ	နိုဝင်ဘာ	မြင့် ☐လတ်☐ နိမ့် ☑	မြင့်☐ လတ် ☐ နိမ့်☑	မြင့် ☐လတ် ☐ နိမ့် ☑

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စပါးစိုက်ကေ(၉၅)ကေရှိပြီး အနည်းဆုံး(၁) ကေ အထွက်နှုန်း (၅၀) တင်း၊ အများဆုံး (၆၀) တင်းထွက်ရှိပြီး ပျမ်းမျှတစ်ကေ စပါးတင်း(၅၅) တင်းခန့် ထွက်ရှိပါ သည်။ ကျေးရွာတွင် သီးထပ်သီးနှံမတ်ပဲ စိုက်ကေ(၆၀) ကေ ရှိပြီး အနည်းဆုံး တစ်ကေ(၄) တင်း၊ အများဆုံး (၆) တင်းနှုန်းထွက်၍ ပျမ်းမျှ မတ်ပဲတစ်ကေလျှင်(၅) တင်းနှုန်း ထွက်ရှိကြောင်း တွေ့ရှိရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၁			၂၅
လက်တွန်းထွန်စက်	၇			
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်	၄			၂၅
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်	၁၀			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်လယ်လုပ်ကိုင်သောအိမ်ထောင်စု(၂၆)စုရှိပါသည်။ တစ်ဦးချင်းပိုင်လက်တွန်း ထွန်စက်(၇)စီးရှိပါသည်။ကျေးရွာပိုင် ထွန်စက်(၁)စီး၊ရိတ်သိမ်းခြွေလှေ့စက်(၃)စီးရှိ၍ကျန်(၂၅)ဦးမှာ ငှားရမ်းသုံးစွဲကြကြောင်း၊ရေစုပ်စက်(၁၀)လုံးရှိကြောင်း တွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။)
သဘာဝရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ ☑ မဖြေဆိုပါ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ☑ အသင့်အတင့်ရှိ ☐ မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☑ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ ☐
သဘာဝမြေဆွေး/အောက်ဂဲနစ်မြေဩဇာ နှင့်အခြားအော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည် ☐ ရနိုင်သည် ☑ မဖြေဆိုပါ ☐
နည်းပညာဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည် ☐ ရနိုင်သည် ☑ မဖြေဆိုပါ ☐
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐
ရာသီဥတုအခြေအနေ ပြောင်းလဲမှု (အပူချိန်၊မိုးရွာသွန်းမှု)	ထိခိုက်သည် ☑ မထိခိုက်ပါ ☐ မဖြေဆိုပါ ☐

ရင်းမြစ်...(၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု ၊(၂) သက်ဆိုင်ရာ မြို့နယ်အစိုးရ ဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သီးနှံအထွက်နှုန်း တိုးစေရန်အတွက် သဘာဝရေမြေ ရာသီဥတု အနေအထားနှင့် လယ်ယာမြေ အသုံးချနိုင်မှု သင့်တင့်မျှတသည်။ စိုက်ပျိုးရေအရင်း အမြစ်ပေါများ

၍ ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု ရနိုင်ပြီး သီးနှံမျိုးစေ့များ ဝယ်ယူနိုင်သည်။ သဘာဝမြေဆွေး၊ အောက်ဂဲနစ် မြေဩာ၊ အခြားအော်ဂဲနစ် သွင်းအားစုများ ဝယ်ယူနိုင်သည်။ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩာ၊ အခြားဓာတုဗေဒများ ဝယ်ယူနိုင်သည်။ လုပ်သားရရှိနိုင်မှု၊ နည်းပညာ ဝန်ဆောင်မှု ရနိုင်သည်။ သီးနှံစွေးကွက်နှင့် ကုန်သွယ်မှုမှာ သီးနှံများကို ရောင်းချနိုင်ကြောင်း တွေ့ရသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း ☑ ရာသီဥတုမမှန် ☐ မဖြေဆိုပါ ☐
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☑ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့် ရှိသည် ☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေ အသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☐
သဘာဝမြေဆွေး/အော်ဂဲနစ်မြေဩာ နှင့်အခြားအောက်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩာ နှင့်အခြားဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐မဖြေဆိုပါ ☐
နည်းပညာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐မဖြေဆိုပါ ☐
သီးနှံစွေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စွေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ သီးနှံများကို ရောင်းချရန်စွေးကွက်မရှိပါ ☐ မဖြေဆိုပါ ☐
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☑ အနည်းငယ် ☐ မဖြေဆိုပါ ☐

ရင်းမြစ်...(၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရ ဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲ များမှာ သဘာဝရေမြေရာသီဥတု အနေအထား၊ ရာသီဥတုမမှန်ပါ။ လယ်ယာမြေ အသုံးချနိုင်မှုတွင် လယ်ယာမြေတိုးချဲ့နိုင်မှု မရှိပါ။ ဖျက်ပိုးနှင့်ရောဂါရောက်မှုတွင် အသင့်အတင့်ကျရောက်ကြောင်းတို့ကို လေ့လာတွေ့ရှိရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	**မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု**	**ကောင်ရေ**
မွေးမြူရေး		
နွား	၁၂	၂၂
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၃၃	၈၁
ကြက်	၁၉	၃၀၆
ဘဲ	၄	၄၃
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မွေးမြူရေးနှင့်ပတ်သက်၍ မိသားစုတစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။စီးပွားဖြစ်မွေးမြူသူမရှိပါ။ဝက်မွေးမြူရေးလုပ်ကိုင်သူများပြားခဲ့သော်လည်း အစားအစာဈေးကြီးမြင့်ခြင်း၊ဈေးကွက်နည်းပါးခြင်းကြောင့် မွေးမြူရေးလုပ်ကိုင်သူ နည်းပါးလာကြောင်း တွေ့ရှိရပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား(၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်**(မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား ၂၀နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ စစ်ဆေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ ☐ အသင့်အတင့် ☐ မဖြေဆိုပါ ☑
ရေရရှိမှု	အလုံအလောက်ရနိုင် ☑ အသင့်အတင့်ရနိုင် ☐ မဖြေဆိုပါ ☐
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူရနိုင် ☐ မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင် ☐ မဖြေဆိုပါ ☐
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင် ☑ ချေးငွေအသင့်အတင့်ရနိုင် ☐ မဖြေဆိုပါ ☐
သွင်းအားစု(မွေးမြူရေးအစာ၊ ဆေးစသည့်)ဈေးကွက်	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☑ သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ☐
ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှု	နည်းပညာဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည် ☑ နည်းပညာဝန်ဆောင်မှုများ ရနိုင်သည် ☐ မဖြေဆိုပါ ☐
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့်ဈေးနှုန်းမျှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☑ ထုတ်ကုန်များကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ☐
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	အလုံအလောက်ရှိသည် ☑ အသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ☐
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑ မဖြေဆိုပါ ☐
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	လိုသလောက်လွယ်ကူစွာဝယ်ယူရရှိနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐
ချေးငွေ	လိုသလောက်လွယ်ကူစွာ ချေးငွေရနိုင်သည် ☐ ချေးငွေရနိုင်သည် ☑ မဖြေဆိုပါ ☐
သွင်းအားစု လက်လှမ်းမီမှု	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☑ မဖြေဆိုပါ ☐
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	နည်းပညာဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည် ☐ နည်းပညာဝန်ဆောင်မှုများ ရနိုင်သည် ☑ မဖြေဆိုပါ ☐
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐
ငါးဖမ်းခွင့် ရရှိနိုင်မှု	လွယ်ကူသည် ☑ အသင့်အတင့်လွယ်ကူသည် ☐ မဖြေဆိုပါ ☐

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း– လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စားကျက်မြေမရှိပါ။ရေရရှိမှု အလုံအလောက် ရနိုင်ပြီး မျိုးတိရစ္ဆာန် လက်လှမ်းမီမှု မျိုးကောင်းတိရစ္ဆာန် အသင့်အတင့် ဝယ်ယူရနိုင်ပြီး၊ ချေးငွေ ရရှိနိုင်ပါသည်။ သွင်းအားစုစျေးကွက်မှာ သွင်းအားစုများ ဝယ်ယူနိုင်သည့် ထုတ်ကုန်ရောင်းဝယ်မှုတွင် ထုတ်ကုန်များကို ရောင်းချနိုင်သည်။ အိမ်ခြံဝန်းအတွင်း မြေနေရာ လုံလောက်မှုမှာ အသင့်အတင့် ရှိပြီး ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု အခွင့်အလမ်းအနေဖြင့် ဝယ်ယူရရှိနိုင်ပါသည်။ ချေးငွေများ ချေးယူရရှိနိုင်ပါသည်။ သွင်းအားစု လက်လှမ်းမီမှုတွင် သွင်းအားစုများ ဝယ်ယူရရှိနိုင်ပါသည်။ နည်းပညာအကူအညီနှင့် နည်းလမ်းများ မှာဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။ ငါး/ပုဇွန် ထုတ်ကုန်ရောင်းဝယ်မှုတွင် ထုတ်ကုန်များကို ရောင်းချနိုင်ပါသည်။ ငါးဖမ်းခွင့်ရရှိနိုင်မှု အလွယ်တကူ ရရှိနိုင်သည်ကို တွေ့ရှိရပါသည်။

(၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား(၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်**(<u>အနည်းဆုံးတစ်ခုနှင့်အထက်</u> ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။)
မွေးမြူရေး	
စားကျက်မြေ	စားကျက်မြေရှားပါးသည် ☐ စားကျက်မြေလုံးဝမရှိပါ ☐ မဖြေဆိုပါ ☑
ရေရရှိမှု	ရေရှားပါးသည် ☐ ရေလုံးဝမရှိပါ ☐ မဖြေဆိုပါ ☐
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူမရနိုင်ပါ ☐ မျိုးကောင်းတိရစ္ဆာန်များလုံးဝဝယ်ယူမရပါ ☐ မဖြေဆိုပါ ☐
ချေးငွေ	ချေးငွေလွယ်ကူစွာ မရနိုင်ပါ ☐ ချေးငွေလုံးဝမရပါ ☐ မဖြေဆိုပါ ☐
သွင်းအားစု(မွေးမြူရေး အစာ၊ဆေး စသည်) စျေးကွက်	သွင်းအားစုများ လွယ်ကူစွာ မရနိုင်ပါ ☐ သွင်းအားစုများ လုံးဝ ဝယ်ယူမရပါ ☐ မဖြေဆိုပါ ☐
ဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးမှု	နည်းပညာဝန်ဆောင်မှုများ အလွယ်တကူ မရနိုင်ပါ ☐ နည်းပညာဝန်ဆောင်မှုများ မရပါ ☐မဖြေဆိုပါ ☐
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ ထုတ်ကုန်များကို မရောင်းချနိုင်ပါ ☐ မဖြေဆိုပါ ☐
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	အလုံအလောက်မရှိပါ☐ လုံးဝမရှိပါ ☐ မဖြေဆိုပါ ☐
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား	ရေမြေအနေအထား မကောင်းပါ ☐ မဖြေဆိုပါ ☐

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက်(အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။)
ငါး/ပုဇွန် သားပေါက် လက်လှမ်းမီမှု	လိုသလောက် လွယ်ကူစွာ ဝယ်ယူမရပါ ☐ လုံးဝဝယ်ယူမရပါ ☐ မဖြေဆိုပါ ☐
ချေးငွေ	လိုသလောက်လွယ်ကူစွာချေးငွေမရပါ ☐ လုံးဝချေးငွေမရပါ ☐ မဖြေဆိုပါ ☐
သွင်းအားစု လက်လှမ်းမီမှု	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူမရပါ☐ သွင်းအားစုများ ဝယ်ယူမရပါ ☐ မဖြေဆိုပါ ☐
နည်းပညာ အကူအညီ နှင့် နည်းလမ်းများ	နည်းပညာဝန်ဆောင်မှုများ အလွယ်တကူ မရပါ ☐ နည်းပညာဝန်ဆောင်မှုများ မရပါ ☐ မဖြေဆိုပါ ☐
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ ထုတ်ကုန်များကို လုံးဝ မရောင်းချနိုင်ပါ ☐ မဖြေဆိုပါ ☐
ငါးဖမ်းခွင့် ရရှိနိုင်မှု	လွယ်ကူပါသည် ☑ မလွယ်ကူပါ ☐ မဖြေဆိုပါ ☐

ရင်းမြစ်...(၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန် ပြဿနာနှင့် စိန်ခေါ်မှုများမှာ စားကျက်မြေ မရှိပါ။ငါးဖမ်းခွင့်လွယ်ကူစွာ ရရှိနိုင်ပါသည်။

(ခ-၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား(၂၂) **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ**

